# ကလေးသူငယ်များကို
# ကာကွယ်စောင့်ရှောက်ရေး
# မူဝါဒ နှင့် ကျင့်ဝတ်

မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာ

# ကလေးသူငယ်များအပေါ် အပြုအမူနှင့် ကာကွယ်စောင့်ရှောက်မှုအတွက်ထားသောကတိ

မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာသည် ကက်သလစ်သာသနာတော်၏ ညွှန်ကြားချက်များနှင့်သော်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့မှသော်လည်းကောင်း၊ အမိနိုင်ငံမှသော်လည်းကောင်း ပြဋ္ဌာန်းထားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများကိုလက်ခံကျင့်သုံးကာ မိမိတို့ မန္တလေး ကက်သလစ်သာသနာအတွင်းရှိ ကလေး သူငယ်များကို အစွမ်းကုန်ကာကွယ်ပေးသွားမည်ဟု ကတိပြု ပါသည်။

ဤကဲ့သို့အကောင်အထည်ဖော်ရာတွင် လုပ်ဆောင်မည့်အချက်များမှာ -

၁။ ကလေးသူငယ်များ အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးရန်။
၂။ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရခြင်းမှ ကာကွယ်ပေးရန်။
၃။ ခေါင်းပုံဖြတ်ခံရခြင်းနှင့် ရောင်းစားခံရခြင်းများမှ ကာကွယ်ပေးရန်။
၄။ စော်ကားခံရသော ကလေးသူငယ်များကို ပြန်လည်ပြုစုပျိုးထောင်ပေးရန်နှင့် ကျူးလွန်သူများကို ထိရောက်စွာ အရေးယူအပြစ်ပေးရန် ဖြစ်ပါသည်။

ကလေးသူငယ်များကာကွယ်မှုဆိုင်ရာ ဤပေါ်လစီသည် မန္တလေးကက်သလစ်သာသနာတစ်ခုလုံးရှိ ကလေးသူငယ်များ၏ လုံခြုံရေးကို အလေးထားဆောင်ရွက်ရုံသာမက ထိုသူငယ်များ၏ စိတ်နှင့် ခန္ဓာ ကျန်းမာလုံခြုံစွာ ကြီးပြင်းရှင်သန်ခွင့်ရရေးတို့ကိုလည်း စီမံဆောင်ရွက်စေမည်။

မိမိတို့ တာဝန်ယူပြုစုစောင့်ရှောက်ရသော ကလေးသူငယ်များကို ချစ်ခြင်းမေတ္တာဖြင့် စောင့်ရှောက်တတ်ရန် သာသနာ့ဝန်ထမ်းများကိုလည်း စဉ်ဆက်မပြတ် သင်ကြားပေးကာ တာဝန်ယူ/ တာဝန်ခံမှုရှိစေရန်အတွက်လည်း ဆောင်ရွက်သွားမည်။

ထိခိုက်စော်ကားခံရသော ကလေးသူငယ်များကို စစ်မှန်သော ထိန်းသိမ်းစောင့်ရှောက်မှု (Pastoral care) ပေးပြီး ကျူးလွန်သူများကိုလည်း တရားဥပဒေနှင့်အညီအရေးယူအပြစ်ပေးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူပေါင်းဆောင်ရွက်သွားမည်။

ကက်သလစ်ဘော်ဒါဆောင်များသည် သာသနာတော်အတွက်နှင့် မိဘများအတွက် အားကိုး

အားထားပြုရာနေရာများဖြစ်သည့်အလျောက် ထိုဘော်ဒါဆောင်များသည် စည်းစနစ်တကျ၊ ဥပဒေများနှင့်လျော်ညီစွာ လုပ်ဆောင်နေစေရန် အထူးအလေးထား လမ်းညွှန်ကြပ်မတ်ပါမည်။

## ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ
## Child's Protection Policy

ကလေးသူငယ်များကို ကြည့်ရှုစောင့်ရှောက် သင်ကြားပေးရသော သာသနာ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးများ၊ ကိုရင်ကြီးများ၊ သီလရှင်များ၊ ဓမ္မဆရာ/ဆရာမများနှင့် သာသနာ့ လုပ်အားပေးများ လိုက်နာကြရန် ဤလမ်းညွှန်ချက်ကို ထုတ်ပြန်သည်။

၁။ ကလေးသူငယ်များ မတရားပြုကျင့်ခံရမှုမရှိစေရန် သတိထားစောင့်ကြည့်ရမည်။

၂။ ငယ်ရွယ်သူများနှင့် ကလေးသူငယ်များကို လေးစားစွာ ဆက်ဆံရမည်။

၃။ ကလေးသူငယ်များရှေ့၌ စံနမူနာကောင်းပြကာ၊ အတုယူလိုက်နာဖွယ်ရာ နေထိုင်ပြုမူရမည်။

၄။ ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို လေးစားအသိအမှတ်ပြုရမည်။

၅။ ငယ်ရွယ်သူ ကလေးသူငယ်များ၏ ခန္ဓာကိုယ်ကို တို့ထိကိုင်တွယ်ရာတွင် ကိုယ်ကျင့်တရားအပေါ် အထင်အမြင်မှားစေသော တို့ထိကိုင်တွယ်မှုများကို ရှောင်ကြဉ်ရမည်။

၆။ ကလေးသူငယ်များ မတရားပြုကျင့် ဆက်ဆံခံနေရပါက လက်သင့်မခံကြောင်း ပြသရမည်။

၇။ ကလေးသူငယ်များကို ကာကွယ်ရေးနှင့် ပတ်သက်၍ မသိ၊ နားမလည်သူများကို လမ်းညွှန်ပေးရမည်။

၈။ ကလေးသူငယ်များ၏ ကိစ္စရပ်များနှင့်ပတ်သက်၍ မည်သူ့ထံသတင်းပေးပို့ရမည်၊ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိထားရမည်။

၉။ ကလေးသူငယ်များကို အုပ်ထိန်းသူများမသိဘဲ တန်ဖိုးကြီး လက်ဆောင်များ မပေးရ။

၁၀။ အစားအစာ၊ ငွေကြေး၊ အဝတ်အထည်၊ အလှကုန်ပစ္စည်းများ အသုံးပြုပြီး ကလေးသူငယ်များ၏ ချစ်ခင်မှုကို မရှာဖွေရပါ။

၁၁။ မိမိတို့၏ ဖုန်း၊ ကွန်ပြူတာ၊ တက်ပလက်စသည်တို့၌ ကလေးသူငယ်များ၏ မဖွယ်မရာပုံများမထည့်သွင်းရ။

၁၂။ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ရုပ်ပုံများနှင့် ဗီဒီယိုများ မပြသရပါ။

၁၃။ သာသနာ့ဝန်ထမ်းတစ်ဦးဦးသည် ကလေးသူငယ်များအပေါ် မဖွယ်မရာ ကြံစည်နေကြောင်း၊ နှိပ်

စက်ညှဉ်းပမ်းနေကြောင်း တွေ့ရှိပါက သို့မဟုတ် သံသယရှိပါက သက်ဆိုင်ရာအကြီးအကဲထံ သတင်းပို့ရမည်။

၁၄။ သတင်းများကို ချဲ့ကားခြင်း၊ မဆိုင်သူများကို ပြောဆိုခြင်းများမှ ရှောင်ကြဉ်၍ ကလေးသူငယ်တို့၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးကို ဦးစားပေးရမည်။

၁၅။ ကလေးသူငယ်များ နာကြင်စေရန် ရိုက်နှက်ခြင်း၊ ပါးရိုက်ခြင်း၊ ဆံပင်ဆွဲခြင်း၊ ကိုင်လှုပ်ခြင်း မပြုရ။

၁၆။ အော်ဟစ်ဆဲဆိုခြင်း၊ အနိုင်ကျင့်ခြင်း၊ မခံမရပ်နိုင်အောင် နောက်ပြောင်ခြင်း၊ နှိမ်ခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာ နှိပ်ကွပ်မှုများ မပြုရပါ။

၁၇။ ကလေးသူငယ်များ အရှက်ရစေမည့် အပြုအမူများ၊ မှတ်ချက်များ ကို သူတို့ရှေ့တွင် မပြုရပါ။

၁၈။ မျက်နှာလိုက်သော အပြုအမူများ၊ အပြောအဆိုများ မပြုလုပ်ရပါ။

၁၉။ ကိစ္စရပ်များကို သေသေချာချာ မစုံစမ်းဘဲ ကလေးသူငယ်များကို ဆုံးဖြတ်ခြင်း၊ ဒဏ်ပေးခြင်းမျိုး မပြုရပါ။

၂၀။ ကလေးသူငယ်များ မတရားပြုကျင့်ခံရခြင်းကို အဖြစ်မှန်ထက် ပုံကြီးချဲ့ပြောဆိုတင်ပြခြင်းမပြုရပါ။

၂၁။ ကလေးသူငယ်များကို လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ အဆင်းအရောင်၊ ကျား/မ မခွဲခြားဘဲ တစ်ဦးစီတိုင်းကို သူတို့၏ ဂုဏ်သိက္ခာနှင့်အညီ တန်းတူဆက်ဆံရမည်။

၂၂။ ကလေးသူငယ်များရှေ့တွင် သင်တင့်လျှောက်ပတ်စွာ ဝတ်စားဆင်ယင်ရမည်။

၂၃။ ကလေးသူငယ်များနှင့် ယုံကြည်မှု၊ လေးစားမှု တည်ဆောက်ရမည်။

၂၄။ ကလေးသူငယ်များ၏ အခွင့်အရေးကို အသိအမှတ်ပြုလိုက်နာရမည်။

၂၅။ ကလေးသူငယ်များ မဖွယ်မရာပြုမှုခံရပါက သူတို့၏စကားကို သေချာနားထောင်၍ လိုအပ်သော ဆောင်ရွက်မှုများ စီမံပေးရမည်။

၂၆။ ကလေးသူငယ်များကို ကူညီနှစ်သိမ့်ပေးရာတွင် ပြသင့်သော ကြင်နာမှု၊ နားလည်မှု၊ စာနာမှုထက် ပိုလွန်စွာ မပြုမူရပါ။

၂၇။ ကလေးသူငယ်များကို ဖက်ခြင်း၊ မဖွယ်မရာကို တို့ထိခြင်း၊ ကြည့်ခြင်း၊ မကိုင်သင့်သောနေရာများကို ထိခြင်း၊ ကိုင်တွယ်ခြင်း များကို ရှောင်ကြဉ်ရမည်။

၂၈။ ညစ်ညမ်းသောစကားများ၊ အကြံပေးမှုများ၊ ဟာသများ၊ မဖွယ်မရာစကားများကို ကလေးများရှေ့တွင် မပြောရပါ။

၂၉။ ကလေးသူငယ်များရှေ့တွင် ရန်ဖြစ်ခြင်း၊ ငြင်းခုန်ခြင်းများ ရှောင်ရှားပါ။

၃၀။ ကလေးသူငယ်များနှင့် အလုပ်လုပ်နေချိန်၊ စာသင်နေချိန်၊ စာကျက်နေချိန် စသောအချိန်များတွင် အရက်သေစာနှင့် လူကိုယဖ်မူးစေသော အစားအသောက်နှင့် ဆေးဝါးသုံး ဆောင်ခြင်းမပြုရ။
၃၁။ ကလေးများအတွက် ရည်စူးလက်ခံရရှိသော ငွေကြေးဥစ္စာပစ္စည်းများကို အလွဲသုံးစားမပြုရပါ။

**အောက်ပါပုဂ္ဂိုလ်များသည် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်သူများ မဖြစ်စေရပါ။**

၁။ နောက်ခံသမိုင်းကြောင်းတွင် ကလေးသူငယ်များအပေါ် မဖွယ်မရာပြုကျင့်ခဲ့ဖူးသူများ၊ ထောင်ကျဖူးသူများ။

၂။ နိုင်လိုမင်းထက် ပြုမူတတ်သူများနှင့် ရိုက်နှက်ဆုံးမတတ်သူများ။

၃။ မူးယစ်သောက်စားသူများ၊ အချိန်မလေးစားသူများ၊ စည်းကမ်းမရှိသူများ။

၄။ ကူးစက်ရောဂါပိုးရှိသူများ။

၅။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးကို အလေးမထားသူများ ၊ သာသနာတော်၏ ညွှန်ကြားမှုများကို မလိုက်နာသူများကို ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ ပြုစုပျိုးထောင်ရေး၊ သင်ကြားပြသရေးတွင် အဓိကတာဝန်များ မပေးရပါ။

## Code of Conduct For Church Personnel
## သာသနာ့ဝန်ထမ်းများအတွက် အပြုအမူ၊ ကျင့်ဝတ်နှင့် လမ်းညွှန်ချက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ဒေသန္တရကက်သလစ် သာသနာတိုင်း၌ရှိသော သာသနာ့ဝန်ထမ်းများ လိုက်နာရမည့် အပြုအမူဆိုင်ရာ ကျင့်ဝတ်နှင့် လမ်းညွှန် ချက်များကို မူဝါဒအဖြစ် ထုတ်ပြန်အသိပေးပါသည်။

ဤမူဝါဒများသည် ကာနွန်ဥပဒေ၊ မြို့/ပြ ဥပဒေနှင့် ဆန့်ကျင်မှုမရှိဘဲ လူ့ဆင်ခြင်တုံတရားနှင့်လည်း ကိုက်ညီမှန်ကန်သည့် ညွှန်ကြား ချက်များဖြစ်ပါသည်။

သာသနာ့ဝန်ထမ်းဟူသည် ဆရာတော်များ၊ ဘုန်းတော်ကြီးများ၊ ဦးပဉ္ဇင်းများ၊ ကိုရင်ကြီးများ၊ ရဟန်းဖြစ်ကျောင်းသားများ၊ သီလရှင်များ၊ ဓမ္မဆရာ / ဆရာမများ၊ သာသနာရုံး ဝန်ထမ်းများ၊ ဘော်ဒါဆောင်ကြည့်ရှုသူများ၊ ဘုရားကျောင်းတွင်လုပ်အား ပေးသူများကို ဆိုလိုသည်။

၁။ အထက်ဖော်ပြပါ သာသနာ့ဝန်ထမ်းများသည် မိမိတို့ဘဝနှင့် အကျင့်သိက္ခာကို ထိမ်းသိမ်းစောင့်ရှောက်ကြရပေမည်။

## သာသနာ့ဝန်ထမ်းများ၏ တာဝန်နှင့်ဝတ္တရား

၁။ သာသနာ့ဝန်ထမ်းတို့၏ အပြုအမူများသည် လူရှေ့တွင်ဖြစ်စေ၊ ကွယ်ရာတွင်ဖြစ်စေ၊ အများအတွက် ပုံသက်သေကောင်းဖြစ်အောင် နေထိုင်ပြုမူရသကဲ့သို့ ဘာသာဝင်တို့၏ ယုံကြည်ခြင်းကို ထိခိုက်ပျက်စီးစေသော  အနေအထိုင်၊ အပြောအဆို၊ အစားအသောက်၊ ဝတ်စားဆင်ယင်၊ အပြုအမူများကို ရှောင်ရှားရမည်။

၂။ သာသနာ့ဝန်ထမ်းတိုင်းသည် မိမိတို့၏တာဝန်ကို ကြေပွန်စွာထမ်းဆောင်နိုင်ရန် အမြဲလိုပင် သတိ၊ ဝီရိယနှင့်ဆောင်ရွက်ကြရမည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏ ခေါ်တော်မူခြင်းကို တန်ဖိုးထားခြင်းပင်ဖြစ်ပေသည်။

၃။ သာသနာ့ဝန်ထမ်းတစ်ဦးစီသည် မိမိတို့စောင့်ထိန်းရမည့် အပြုအမူဆိုင်ရာကျင့်ဝတ်များကို ဘုရားပေးသော တာဝန်ဟု မှတ်ယူပြီး  ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစေရမည်။

၄။ သာသနာ့ဝန်ထမ်းတစ်ဦးသည် အပြုအမူဆိုင်ရာကျင့်ဝတ်ကို ချိုးဖောက်ခဲ့သော် သက်ဆိုင်ရာတာဝန်ရှိ အကြီးအကဲတို့၏ သတိပေးမှု၊ အရေးယူမှုကိုခံရမည်။

အရေးယူမှုဟူသည် နှုတ်အားဖြင့် သတိပေးခြင်းမှသည် တာဝန်မှရပ်စဲခြင်းမျိုးအထိ မိမိ၏ ချိုးဖောက်မှုအပေါ်မူတည်သည့် ပြစ်ဒဏ်ချမှတ်နိုင်သည်။

## သာသနာ့ဝန်ထမ်း သိုးထိန်းများ၏ အပြုအမူကျင့်ဝတ်နှုန်းထား

၁။ ဘာသာဝင်အုပ်စုများကို ကြည့်ရှုဦးဆောင်ရသော ကျောင်းထိုင်ဘုန်းကြီးများနှင့် တွဲဘက်ဘုန်းကြီးများ သည် သိုးထိန်းရဟန်းဘုန်းတော်ကြီးကောင်းများ ဖြစ်ကြရမည်။

၂။ မိမိအားအပ်ထားသော သိုးစုကို မပျောက်မပျက်၊ မပျက်စီးစေဘဲ တစ်လုံးတစ်ဝတည်းစုစည်းကာ ကောင်းကင်နိုင်ငံတော်သို့ ပို့ဆောင်လမ်းညွှန်ရန် ကြိုးစားရမည်။

၃။ သိုးထိန်းဘုန်းတော်ကြီးများသည် ဓမ္မတရားဟောခြင်း၊ မစ္ဆားဟောခြင်း၊ စက္ကရမင်တူးများ ကျင်းပခြင်း၊ ဝိညာဉ်လမ်းညွှန်ပေးခြင်း၊ အနာရောဂါ ငြိမ်းစေခြင်းများကို မေတ္တာရေ့ထား၍ နူးညံ့ခြင်း၊ စိတ်ရှည်သည်းခံခြင်း နှင့် စိတ်ရှည်ကောင်းမွန်စွာ ဆောင်ရွက်ကြရမည်။

၄။ ဒေသနာတော်ဟောကြားခြင်း၊ မစ္ဆားတရားပူဇော်ခြင်းတို့ကို ကောင်းမွန်စွာပြင်ဆင်ပြီး လေးနက်စွာ လုပ်ဆောင်ကြရမည်။ ဒေသနာတော်တရားဟောစင်ကို လူတို့အား ဆူပူကြိမ်းမောင်း အပြစ်တင်ဝေဖန်သော နေရာ တစ်ခုအဖြစ်အသုံးမချရ။

၅။ မစ္ဆားတရားဟောရာတွင် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ လူကို ထုန်ထိုင်းမှုံးရစ်စေသော အရာများ သုံးစွဲထားခြင်း မရှိဘဲ ဂုဏ်သိက္ခာရှိစွာ ပြင်ဆင်ပူဇော်ရမည်။

## ဝိညာဉ်လမ်းညွှန်ခြင်း

၁။ အားနည်းသူများ၊ ပူဆွေးသောကရောက်နေသူများကို နှစ်သိမ့်လမ်းညွှန်ပေးရာတွင် မိမိမတတ်ကျွမ်းသော အဆင့်ကိုကျော်လွန်၍ ဆွေးနွေးလမ်းညွှန်ခြင်းများကို တတ်ယောင်ကား မလုပ်ရပေ။

၂။ တရားဆောက်တည်ရေးလမ်းညွှန်ဆွေးနွေးမှုများကို ဗီဒီယိုမရိုက်ရ၊ ဓါတ်ပုံမရိုက်ရ။ အသံမဖမ်းရပါ။

၃။ မိမိလမ်းညွှန်ဆွေးနွေးနေသူအား လိင်ပိုင်းဆိုင်ရာ ထိတွေ့ခြင်း၊ ကျူးလွန်ခြင်း၊ ရေလာမြောင်းပေး စကားများ၊ အဓိပ္ပါယ်နှစ်ခွရှိသော စကားများ ပြောဆိုခြင်း မပြုလုပ်ရပါ။

၄။ မိမိထံမှ ဝိညာဉ်လမ်းညွှန်ခံယူသူအား လူမှုရေးဖောက်ပြန် ကျူးလွန်မှုမျိုး မည်သည့်အခါမျှမပြုလုပ်ရ။ထိုအပြုအမူသည် သူတစ်ပါးအား ထပ်မံ၍ နစ်နာဆုံးရှုံးမှုကိုမလွဲမသွေဖြစ်စေသည်ကို သတိမူရပေမည်။ ထို့ကြောင့် ရှင်းလင်းပြတ်သားသော ဆက်ဆံရေးမျိုးကိုသာ အမြဲဆောက်တည်ထားရမည်။

၅။ ဝိညာဉ်လမ်းညွှန်ခြင်း ခံယူနေသူအား ပွေ့ဖက်ခြင်း၊ ကိုင်တွယ်ခြင်း၊ တို့ထိခြင်း စသည့် ခန္ဓာကို ထိတွေ့ခြင်းများကို ရှောင်ကြဉ်ရမည်။

၆။ ဝိညာဉ်လမ်းညွှန်ကိစ္စများ ဆွေးနွေးခြင်းကို သင့်တော်သော အချိန်နှင့် နေရာများ၌သာ ပြုလုပ်ရမည်။ ကိုယ်ပိုင်သီးသန့်နေရာများတွင် ချိန်းဆိုမပြုလုပ်ရပါ။

၇။ ထိရောက်သော လမ်းညွှန်ဆွေးနွေးမှုများဖြစ်စေရန် နေရာနှင့်အချိန်တို့ကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

၈။ ဆွေးနွေးမှု၊ လမ်းညွှန်မှုအကြောင်းအရာတို့ကို လျှို့ဝှက်ထိန်းသိမ်းရမည်။ ဥပဒေအရလိုအပ်လျှင်သော်လည်းကောင်း၊ ကာယကံရှင်၏ ခွင့်ပြုချက်အားဖြင့်သော်လည်းကောင်း ဆွေးနွေးမှုများကိုထုတ်ဖော်ပြောဆိုနိုင်ပေသည်။

သို့ဖြစ်၍ဆွေးနွေးပြောဆိုချက်များ၏ ကန့်သတ်ချက်များကို ဝိညာဉ်လမ်းညွှန်ခံယူသူကို အသိပေးထားရပေမည်။

၉။ လူပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ရေးကိုယ်တာအကြောင်းအရာများသည် ယုံကြည်မှုအရ ဖွင့်ဟပြောဆိုခြင်းများဖြစ်သည့်အတွက် ဝိညာဉ်လမ်းညွှန်ဘုန်းကြီးသည် သူတစ်ပါးအား လွယ်လင့်တကူ ဖွင့်ဟမပြောဆိုမိရန် သတိကြီးစွာထားရမည်။

၁၀။ လူတစ်ဦးတစ်ယောက်၏အပြစ်၊ အားနည်းချက်အမှားများကို ဝန်ခံလာသော လျှို့ဝှက်ချက်အပေါ်တွင် စောင့်ထိန်းရန် တာဝန်ရှိသည်။ မည်သည့်အခြေနေတွင်မဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဝန်ခံခြင်းမှ ထွက်ပေါ်လာသော စကားများကို မပြောရပါ။

## လူငယ်များကို စောင့်ရှောက်ရာ၌ သာသနာ့ဝန်ထမ်း၏တာဝန်

၁။ သာသနာ့ဝန်ထမ်း၊ အထူးသဖြင့် ဘုန်းတော်ကြီးနှင့် လူငယ်တို့အကြား ပွင့်လင်းမှုနှင့် ယုံကြည်လေးစားမှုကို စောင့်ရှောက်ထိန်းသိမ်းရမည်မှာ သာသနာ့ဝန်ထမ်း၏ ဘုရားပေးတာဝန်ဖြစ်သည်။

၂။ သာသနာ့ဝန်ထမ်းများအနေဖြင့် လူငယ်များနှင့်အတူ လုပ်ငန်းဆောင်ရွက်ရာတွင် မိမိကိုယ်ကို သိက္ခာကျစေမည့် လုပ်ရပ်များနှင့်အတူ လူငယ်များအကြား ထိလွယ်ရှလွယ်သော အပြုအမူအပြောအဆိုများကို သတိထားရှောင်ကြဉ်ရမည်။ လူငယ်များနှင့် အလုပ်လုပ်ရာတွင် အဖွဲ့လိုက်သာပါဝင်လုပ်ဆောင်သင့်သည်။

၃။ လူငယ်များနှင့်ဆက်ဆံရာတွင် အထင်အမြင်လွဲမှားစေနိုင်သော ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်၍ လိင်မှုကိစ္စကင်းရှင်းစွာ ပြုမူဆက်ဆံရမည်။

၄။ သာသနာ့ဝန်ထမ်းသည် လူငယ်များနှင့် အလုပ်လုပ်စဉ် တရားဥပဒေနှင့် မလွတ်ကင်းသော အရာများလုပ်ခြင်း၊ ဥပဒေချိုးဖောက်ခြင်း၊ မူးယစ်ဆေးဝါးအပါအဝင် အရက်ဘီယာနှင့် လူကိုထုန်ထိုင်းစေသော အခြားအရာများ သုံးဆောင်ခြင်းတို့ဖြင့် မှားယွင်းသော ပုံသက်သေမဖြစ်စေရ။

၅။ သာသနာ့ဝန်ထမ်းများသည် လူငယ်များကို တစ်ဦးတည်း တစ်ယောက်တည်း မိမိကျောင်းသင်္ခန်း၊ အိမ်ခန်းများတွင် ညအိပ်ညနေမထားရ။

၆။ သာသနာပိုင်အဆောက်အဦးတွင်လည်းကောင်း၊ အိမ်များတွင်လည်းကောင်း၊ တည်းခိုရမည့်နေရာများတွင် တာဝန်ရှိလူကြီးများ၏ ကြီးကြပ်စောင့်ရှောက်မှုဖြင့် တည်းခိုနေထိုင်ခွင့်ပြုနိုင်သည်။

၇။ လူငယ်များ၌ အရေးပေါ်အခြေနေတစ်မျိုးမျိုး၊ ဥပမာ - မကျန်းမမာဖြစ်ခြင်းမျိုး - ရှိလျှင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မထိခိုက်မနစ်နာစေရန်၊ အထင်လွဲမှားမှုမရှိစေရန် အဖွဲ့နှင့်စီစဉ်စောင့်ရှောက်မှုမျိုးပေးရမည်။

## လိင်ပိုင်းဆိုင်ရာပတ်သတ်မှု

၁။ သာသနာ့ဝန်ထမ်းတစ်ဦးသည် ဘာသာဝင်များ၏ ယုံကြည်မှုကို အလွဲသုံးစားပြုကာ တစ်ဦးတစ်ယောက်အပေါ် လိင်ပိုင်ဆိုင်ရာ ကျူးလွန်ခြင်း၊ အမြတ်ထုတ်ခြင်းများ မပြုရပါ။

၂။ ဘုန်းတော်ကြီး၊ ကိုရင်ကြီးများနှင့် သီလရှင်များသည် အကျင့်သီလစောင့်ထိန်းမှုတွင် အများအတွက် စံပြ ဖြစ်ရမည်။

၃။ ဘာသာဝင်များနှင့်ဆက်ဆံရာတွင် ကျင့်ဝတ်သိက္ခာကို မထိခိုက်စေရန် တည်ကြည်ရင့်ကျက်စွာ ပြုမူလုပ်ဆောင်ရပေမည်။

၄။ အကယ်၍ ကလေးငယ်များ၊ အရွယ်မရောက်သေးသူများနှင့် စိတ်ပိုင်းဆိုင်ရာအားနည်းသူများ အပေါ် လိင်ပိုင်းဆိုင်ရာ မလျော်မကန် ပြုမူခြင်းတွေ့ရှိပါက သက်ဆိုင်ရာအကြီးအကဲ၊ အာဏာပိုင်တို့ကို အသိပေး သတင်းပို့ရမည်။

၅။ သာသနာ့ဝန်ထမ်းများသည် ကလေးသူငယ်များကို မလျော်မကန်ပြုမူခြင်း၊ ကျူးလွန်ခြင်းဆိုင်ရာ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ထားရမည်။

# စိတ်အနှောက်အယှက်ပေးခြင်း

၁။ သာသနာ့ဝန်ထမ်းများသည် မိမိနှင့်အတူ လက်တွဲလုပ်ကိုင်သူများ၊ ဝန်ထမ်းများ၊ လက်အောက်ငယ်သားများကို နှုတ်အားဖြင့် နိုင်ထက်စီးနင်း ပြုမူပြောဆိုခြင်းများ၊ စိတ်အနှောင့်အယှက်ဖြစ်စေသော ပြောဆိုခြင်းများကို ရှောင်ကြဉ်ရမည်။

၂။ အခြားသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်ဖြစ်စေသော ရေးသားမှု၊ ပြောဆို ဝေဖန် ပြစ်တင်မှုများသည် ခရစ်ယာန်တရားတော်နှင့်မကိုက်ညီပါ။ လက်သင့်ခံနိုင်သော အပြောအဆိုမျိုးဖြစ်စေရန် ဆင်ခြင်ရမည်။

၃။ သူတစ်ပါးအား အနှောင့်ယှက်ဖြစ်စေသောအပြုအမူများမှာ

၁။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းမှု

၂။ လူမျိုးရေးထိခိုက်စော်ကားမှု

၃။ လူမျိုးတို့၏ နေထိုင်မှု၊ ရိုးရာဓလေ့ကိုလှောင်ပြောင်မှု

၄။ လက်ခံနိုင်ဖွယ်မရှိသော လိင်ပိုင်းဆိုင်ရာ စော်ကားမှုကို ဦးတည်သည့်အပြုအမူများ

၅။ ရာထူး၊ နေရာ၊ အခွင့်အလမ်း အတွက် ခွဲခြားဆက်ဆံမှုများ

၆။ ခန္ဓာကိုယ်ပိုင်း၏ မဖွယ်မရာနေရာများကို ကြည့်ရှုစပ်စုခြင်းများ

၇။ သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို ဝင်ရောက်စွပ်ဖက်မှုများ စသည်တို့ဖြစ်သည်။

ထို့အပြင် လက်အောက်ငယ်သားများအပေါ် အမြဲရန်လိုခြင်း၊ ခွဲခြားခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့် ယှက်ခြင်း အစရှိသော အပြုအမူများလည်း ပါဝင်ပေသည်။

ဤကဲ့သို့ အခြားသောဝန်ထမ်းများအပေါ် မလျော်မကန် နှောင့်ယှက်ခြင်းများ အမြဲလိုလို ဖြစ်ပေါ်နေပါက သက်ဆိုင်ရာအကြီးအကဲကို တင်ပြဖြေရှင်းရပေမည်။

## ကိုယ်ကျိုးရှာခြင်း

၁။ သာသနာ့ဝန်ထမ်းတစ်ဦးသည် မိမိ၏လုပ်ပိုင်ခွင့်ဖြင့် ကိုယ်ကျိုးစီးပွားရှာခြင်းကို ရှောင်ကြဉ်ရမည်။

၂။ တစ်စုံတစ်ဦးသည် မိမိလုပ်ပိုင်ခွင့်၌ အလွဲသုံးစားခြင်း၊ ကိုယ်ကျိုးစီးပွားရှာခြင်းများ အမှန်တကယ်ဖြစ်ပေါ်နေပါက သက်ဆိုင်ရာအကြီးအကဲကို အသိပေး အကြောင်းကြားရမည်။

၃။ သာသနာ့ဝန်ထမ်းတစ်ဦးသည် မိမိကိုယ်တိုင်ကဖြစ်စေ အခြားသာသနာ့ဝန်ထမ်းတစ်ဦးဦးကဖြစ်စေ ကျင့်ဝတ်သိက္ခာနှင့်မညီခြင်း သို့မဟုတ် ကျွမ်းကျင်းပညာရှင်မပီသခြင်းတို့အတွက် အထက်သို့အစီရင်ခံတင်ပြရမည်။

၄။ သာသနာ့ဝန်ထမ်းတစ်ဦးသည် အခြားသူများနှင့်ဆက်ဆံရာတွင် အချင်းချင်းအပြန်အလှန်ထားရှိရမည့် အလုပ်ကျင့်ဝတ်စံနှုန်းများကို အပြည့်အဝလိုက်နာကျင့်သုံးရမည်။

၅။ အကယ်၍ အလုပ်ဝတ္တရားနှင့်ဆိုင်သော ကိုယ်ကျင့်တရားစံနှုန်းများကိုကျူးလွန်ခြင်း၊ ချိုး ဖောက်ခြင်း၊ နိုင်ငံ့တရားဥပဒေကို ချိုးဖောက်လုပ်ဆောင်နေပါက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းကို ချက်ခြင်း အသိပေးဆက်သွယ်ရမည်။

၆။ သာသနာ့ဝန်ထမ်းတစ်ဦးသည် ဘာသာရေးသွန်သင်ချက်များကို လွဲမှားစွာ သင်ကြားနေပါလျှင် သက်ဆိုင်ရာ ဘာသာရေးကျွမ်းကျင်သူများနှင့် ဆက်သွယ်ဆွေးနွေးစေရမည်။

## စီမံအုပ်ချုပ်ရေး

၁။ တာဝန်ရှိသာသနာ့ဝန်ထမ်းအကြီးအကဲများသည် လက်အောက်ရှိ သာသနာ့ဝန်ထမ်းများကို မျှမျှတတဆက်ဆံရမည်။

၂။ သာသနာ့ဝန်ထမ်းများသည်  သာသနာ့အုပ်ချုပ်ရေးဆိုင်ရာများ ဆောင်ရွက်ရာတွင် အရပ်ဖက် ဥပဒေ၊ ကာနွန်ဥပဒေများအတိုင်း ဆောင်ရွက်ရသည့်အပြင် ကက်သလစ်သာသနာတော်၏ လူမှုရေး သွန်သင်ချက်နှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် အစဉ်သတိထားဆောင် ရွက်ရမည်။

၃။ မည်သည့်သာသနာ့ဝန်ထမ်းမဆို မိမိရာထူးကိုအသုံးချပြီး မလျော်မကန်သည့် အာဏာအလွဲသုံး ခြင်းမျိုး မရှိစေရ။

၄။ သာသနာ့အမှုထမ်း၊ အရာထမ်းများသည် ၎င်းသာသနာ၏ တာဝန်ဝတ္တရားများကို မဆောင်ရွက်မီ အပြုအမူဆိုင်ရာကျင့်ဝတ်ကို ဖတ်ရှုပြီး သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

၅။ သာသနာတာဝန်ရှိသူများသည် သာသနာ့ဝန်ထမ်းများ၏ ဝိညာဉ်ရေးနှင့်၊ စိတ်ပိုင်းဆိုင်ရာ ကျန်း မာ ရေးများ ကောင်းမွန်နေစေရန် ကူညီဖို့ တာဝန်ရှိသည်။

၆။ သာသနာ့ဝန်ထမ်းများသည် မိမိတာဝန်များကို ထမ်းဆောင်နေစဉ် ကြီးမားသောအဆင်မပြေမှုများ ရှိပါက သက်ဆိုင်ရာအကြီးအကဲကို တင်ပြအကူညီတောင်းခံရမည်။

၇။ သာသနာ့ဝန်ထမ်းများသည်  မိမိဝိညာဉ်ရေးအခြေနေကို  အစဉ်ကောင်းမွန်နေစေရန် ဝိညာဉ်လမ်း ညွှန်ဘုန်းကြီးကို တင်ပြအကြံဉာဏ်ယူရမည်။

၈။ သာသနာ့ဝန်ထမ်းများသည် အရက်နှင့် လူကိုထုံထိုင်းမှုးယစ်စေသော အရာများ သုံးစွဲခြင်း လုံးဝမရှိ စေရ။

## Code of Conduct Agreement
## အပြုအမူဆိုင်ရာ သဘောတူညီချက်

ကျွန်ုပ်သည် သာသနာ့ဝန်ထမ်းတစ်ဦးအနေဖြင့် ဤအပြုအမူဆိုင်ရာ ကျင့်ဝတ်များကို ဖတ်ရှုနား လည်ပြီး နားလည်လက်ခံကြောင်း သဘောတူလက်မှတ် ရေးထိုးပါသည်။

ကျွန်ုပ်သည် ဤသာသနာတွင် အမှုတော်ထမ်းဆောင်နေစဉ် ဤအပြုအမူများဆိုင်ရာ ကျင့်ဝတ် များ ကိုမလိုက်နာ ချိုးဖောက်မှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲပြဿနာများကို တာဝန်ယူကာ သတိပေးခံရခြင်းမှသည် တာဝန်မှ ရပ်စဲသည့်တိုင် အပြစ်ပေးခံရနိုင်ကြောင်း သိပါသည်။

## ကျွန်ုပ်သည် ဤအပြုအမူဆိုင်ရာ ကျင့်ဝတ်၊ စည်းမျဉ်းပေါ်လစီအရ -

၁။ သူတစ်ပါးအပေါ် လေးစားခြင်း၊ ရိုးသားခြင်း၊ ယဉ်ကျေးခြင်း၊ သူတစ်ပါးဂုဏ်သိက္ခာနှင့် အခွင့်အရေး များကို နားလည်စာနာခြင်းတို့ဖြင့် ဆက်ဆံပါမည်။

၂။ ကျွန်ုပ်သည် မိမိနှင့် ပတ်သက်ဆက်ဆံရသော ကလေးသူငယ်များကို စစ်မှန်သော မေတ္တာရှေ့ထား၍ ဖြောင့်မတ်ရိုး သားစွာ ဆက်ဆံပါမည်။ လမ်းပြ ကူညီ စောင့်ရှောက်ပါမည်။

၃။ ကျွန်ုပ်သည် ကလေးသူငယ်များ၏ လုံခြုံရေး အလွဲသုံးစားကြုံးလွန်မခံရရေးနှင့် ကလေးသူငယ်များ ကို ကာကွယ်စောင့်ရှောက်ရေးတို့၌ အလေးထား ပါဝင်ပူးပေါင်းပါမည်။

၄။ ကျွန်ုပ်သည် ကလေးသူငယ်များနှင့် အလုပ်လုပ်စဉ် မကောင်းသော ပုံသက်သေများ မဖြစ်စေခြင်းငှာ သတိထားပြုမူပါမည်။

၅။ ကျွန်ုပ်သည် ကလေးသူငယ်များကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပမ်း ခြင်း ကို ရှောင် ကြဉ်၍ သူတို့ကို နှိမ်ခြင်း၊ အရှက်ရစေခြင်းများ မလုပ်ပါ။

အထူးသဖြင့် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာကြူးလွန်မှုများနှင့် အခြားသော မသင့်လျော်သည့် လုပ်ရပ်များကိုမပြုလုပ်ပါ။

ကျွန်ုပ်သည် သာသနာ့ဝန်ထမ်းတစ်ဦးအနေဖြင့် သာသနာတော်၏လမ်းညွှန်မှုနှင့် အတူ အကြီးအကဲများနှင့်လက်တွဲကာ အမှုတော်ကို သစ္စာရှိစွာ ထမ်းဆောင်သွားပါမည်။

ဤဥပဒေအကြောင်းအရာများနှင့် ကာနွန်ဥပဒေအရ လုပ်ပိုင်ခွင့်တာဝန်များနှင့် စက္ကရမင်တူးဆိုင်ရာ ကွပ်ကဲဆောင်ရွက်မှုများကို ထိခိုက်ခြင်း မရှိစေရပါ။

**လက်မှတ်** ............................................ **နေ့စွဲ** ............................................

**အမည်** ............................................ **မွေးသက္ကရာဇ်** ............................................

<u>**အသိသက်သေ**</u>

**လက်မှတ်** ............................................ **အမည်** ............................................

## (၁)။ ကလေးသူငယ်အခွင့်အရေးအဓိပ္ပာယ်နှင့် အခြေခံ (၄)ရပ်

အခွင့်အရေးများကို လူတစ်ဦးရရှိရန် သို့မဟုတ် ဆောင်ရွက်နိုင်စွမ်းရှိရန်အတွက် မျှတ၍တရား သဖြင့် ဖြစ်သောအရာများဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

လူ့အခွင့်အရေးဆိုသည်မှာ လူသားတို့ လူ့ဂုဏ်သိက္ခာအပြည့်အဝဖြင့် သက်ရှင်နေထိုင်ရန်လို အပ်သော အခြေခံအဆင့်အတန်း အချက်အလက်များ ဖြစ်သည်။

လူ့အခွင့်အရေးဆိုသည်မှာ ကြောက်ရွံ့ခြင်းနှင့် တောင့်တခြင်းမှ ကင်းဝေးခြင်းတို့ ဖြစ်သည်။

- ကလေးသူငယ်များသည် အခြားသူများပြုလုပ်သည့်အတိုင်း ခံရသည်။ ထိခိုက်နစ်နာလွယ်သူများ၏ အန္တရာယ်ကို ကာကွယ်နိုင်စွမ်းမရှိသော ၊ ဘာမျှပြန်လည်မလုပ်နိုင်သူ အကူအညီမဲ့သူများဖြစ်သည်။
- ကလေးသူငယ်များသည် မရင့်ကျက်သေးသူများသာ ဖြစ်သည်။
- ကလေးသူငယ်များသည် အခြားသူများပြုလုပ်သည့်အတိုင်း အတုယူလိုက်လုပ်တတ်ကြသည်။
- ကလေးသူငယ်များတွင် အရာရာ၌ လိုအပ်ချက်များရှိနိုင်သည်။
- မိသားစုကောင်းကျိုးဖြစ်လျှင် ကလေးသူငယ်များလည်း အလိုအလျောက်ကောင်းကျိုးဖြစ်သည်။
- ကလေးသူငယ်များအတွက် ဘယ်အရာက အကောင်းဆုံးဆိုသည်ကို လူကြီးများကသိရှိသည်။
- လူကြီးများကသာ မှန်ကန်သည်။ ကလေးသူငယ်များနှင့် လူကြီးများသည် တူညီသောစိတ်ဝင်စားမှုရှိကြသည်။
- ကလေးသူငယ်များမှာ ဘာမျှအရေးတကြီး ပြောဆိုစရာ မရှိကြပါ။

## ကလေးသူငယ်နှင့်ပါတ်သက်သော အယူအဆသစ်

- ကလေးသူငယ်များမှာ အခွင့်အရေးရှိကြသည်။
- ကလေးသူငယ်များသည် ကိုယ်ပိုင်အရည်အသွေးများ၊ စိတ်ဝင်စားမှုများ ၊ စိုးရိမ်ပူပန်မှုများနှင့် လိုအပ်ချက်များရှိကြသည်။
- ကလေးသူငယ်များမှာ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနှင့် ရှုထောင့်အမြင်ရှိကြသည်။
- ကလေးသူငယ်များ၏ အမြင်များ၊ အတွေ့အကြုံများနှင့် ရှုထောင့်အမြင်များသည် လူကြီးများနှင့်

မတူပါ။

- ကလေးသူငယ်များသည် လူ့အဖွဲ့အစည်းတွင် တက်ကြွစွာပါဝင်သူများဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်ကို ပုံသွင်းသူများဖြစ်သည်။
- ကလေးသူငယ်များသည် လူကြီးများစိုးရိမ်သည်ကို ခံယူရုံမျှ၊ သားကောင်းအဖြစ်ခံယူရုံမျှ သူတစ်ပါးပြုလုပ်သည်ကို ခံယူသူများမဟုတ်။
- ဒေသအလိုက် ကလေးဘဝပုံစံ အမျိုးမျိုးရှိသည်။
- မိသားစုနှင့် ရပ်ရွာတွင် အထွေထွေအခြေအနေ ကောင်းမွန်လာသည်နှင့် ကလေးများသည်လည်း အလိုအလျောက် အကျိုးကျေးဇူးခံစားရမည်ဟု ယူဆ၍မရပါ။

## (၁) ခွဲခြားဆက်ဆံမှုမပြုရေးမူ

- အခွင့်အရေးအားလုံးကို ကလေးသူငယ်တိုင်း ခြွင်းချက်မရှိ ခံစားခွင့်ရှိပါသည်။ (အပိုဒ် ၂)

## (၂) ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းစေရေးမူ

- ကလေးသူငယ်များနှင့်ဆိုင်သော အဖွဲ့အစည်းအားလုံးသည် ကလေးတစ်ဦးချင်းစီအတွက် အကောင်းဆုံး အကျိုးကို မျှော်ကိုးဆောင်ရွက်ရပါမည်။ (အပိုဒ် ၃)

## (၃) အသက်ရှင်သန်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်စေရေးမူ

- ကလေးသူငယ်တိုင်း အသက်ရှင်ရပ်တည်ခွင့်ရှိသည်။
- ကလေးသူငယ်များအသက်ရှင်ရပ်တည်နေနိုင်ပြီး ကျန်းမာဖွံ့ဖြိုးမှုရှိစေရန် နိုင်ငံတော်အစိုးရများ၊ မိဘများနှင့် အုပ်ထိန်းသူများက စီမံဆောင်ရွက်ပေးရပါမည်။ (အပိုဒ် ၆)

## (၄) ကလေးသူငယ်၏ ထင်မြင်ယူဆချက်ကို အလေးပေးစေရေးမူ

- ကလေးသူငယ်များအရေးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို လူကြီးများက ဆုံးဖြတ်ချက်ချသည့်အခါ ကလေးများအနေဖြင့် မိမိတို့ဖြစ်သင့်သည်ဟု ယူဆသောထင်မြင်ချက်ကို ဝင်ရောက်ပြောဆိုပိုင်ခွင့်ရှိပါသည်။ ထိုထင်မြင်ယူဆချက်ကို လက်ခံထည့်သွင်းစဉ်းစားရပါမည်။ ( အပိုဒ် ၁၂)

## (၂)။ ကလေးသူငယ်အခွင့်အရေး (၄) ရပ်

### (၁) အသက်ရှင်သန်မှု

အသက်ရှင်သန်မှုဆိုသည်မှာ ကလေးများ၏အသက်ရှင်သန်ခွင့်နှင့် အသက်ရှင်သန်နိုင်ရန် လိုအပ်သောအခြေခံအချက်များကို ဆိုလိုခြင်းဖြစ်ပါသည်။ လုံလောက်သော နေထိုင်မှုအဆင့်အတန်း၊ အိမ်ယာ၊ အစာအဟာရနှင့် ဆေးဝါးကုသမှုဆိုင်ရာများရယူခွင့် စသည်တို့ကို ဆိုလိုပါသည်။

### (၂) ဖွံ့ဖြိုးတိုးတက်မှု

ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာတွင် ကလေးသူငယ်များ၏ စွမ်းရည်ရှိသမျှ ဖွံ့ဖြိုးတိုးတက်လာနိုင်အောင် ပံ့ပိုးထောက်ပံ့ပေးသောအရာများကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ပညာသင်ကြားခွင့်၊ အားကစားနှင့် အပန်းဖြေအနားယူခွင့်၊ ယဉ်ကျေးမှုလုပ်ငန်းများတွင်ပါဝင်ခွင့်၊ သတင်းများရယူခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့ဖြစ်သည်။

### (၃) ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအခွင့်အရေး

ကာကွယ်စောင့်ရှောက်မှုဆိုသည်မှာ ကလေးသူငယ်များအပေါ် ထိခိုက်နိုင်ဖွယ်ရှိသော လွဲမှားစွာပြုကျင့်ခြင်း (မတော်မတရားပြုကျင့်ခြင်း)၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် အကြမ်းဖက်မှုပုံစံအမျိုးမျိုးတို့မှ ကာကွယ်ပေးရန် လိုအပ်သောအချက်များဖြစ်သည်။ ထိုအရာများ ခံစားနေရသော ကလေးများကိုကာကွယ်ပေးခြင်း၊ လက်နက်ကိုင်စစ်ပွဲအတွင်းမှ ကလေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေးအလုပ်သမားစေခိုင်းမှုမှတားဆီးခြင်း၊ ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုမရှိအောင် တားဆီးစောင့်ရှောက်ပေးခြင်း စသည်တို့ကိုဆိုလိုပါသည်။

### (၄) ပါဝင်ဆောင်ရွက်မှု

ပါဝင်ဆောင်ရွက်မှုဆိုသည်မှာ ကလေးများနှင့်ပါဝင်ပတ်သက်သော အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးရာတွင် အသိပေးခြင်း၊ ၎င်းတို့၏အယူအဆများကိုထည့်သွင်းစဉ်းစားခြင်းတို့ကို ဆိုလိုသည်။ လွတ်လပ်စွာတင်ပြပြောဆိုခွင့်၊ အဖွဲ့အစည်းများဖွဲ့ခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို ဆိုလိုသည်။ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် လိုက်လျောညီထွေရှိမှု၊ ၎င်းတို့၏ပတ်ဝန်း ကျင်၊

လူ့ဘောင်လုပ်ငန်းများအတွက် ပါဝင်ခွင့်ပေးမှသာ အရွယ်ရောက်လာချိန်တွင် တာဝန်သိတတ်သူ တစ်ယောက်ဖြစ်လာပေမည်။

## ကလေးသူငယ်များကာကွယ်စောင့်ရှောက်ခြင်းဆိုသည်မှာ

ကလေးသူငယ်များအပေါ် ထိခိုက်နိုင်ဖွယ်ရှိသော လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် အကြမ်းဖတ်မှုပုံစံအမျိုးမျိုးတို့မှ ကြိုတင်တားဆီးကာကွယ်မှုပြုခြင်းနှင့် ဖြစ်ပွားလာပါက အရေးယူတုံ့ပြန်ဖြေရှင်းဆောင်ရွက်ခြင်း ကိစ္စ အားလုံးကိုဆိုလိုပါသည်။

## လွဲမှားစွာပြုကျင့်ခြင်းဆိုသည်မှာ

မိမိတာဝန်ယူထားသည့်ကလေး၊ မိမိကိုယုံကြည်သည့်ကလေးနှင့် မိမိ၏လုပ်ပိုင်ခွင့်အာဏာ အတွင်းတွင်ရှိသည့် ကလေးသူငယ်ကို တမင်သက်သက်(သို့) သိလျက်နှင့်ထိခိုက်ဒဏ်ရာရစေသည့် မည်သည့်လုပ်ရပ်ကိုမဆို လွဲမှားစွာပြုကျင့်ခြင်းဟု ခေါ်ဆိုပါသည်။

## (က)။ ရုပ်ခန္ဓာပိုင်းတွင် လွဲမှားစွာပြုကျင့်ခံရခြင်း

ရုပ်ခန္ဓာပိုင်းတွင်လွဲမှားစွာပြုကျင့်ခံရခြင်းဆိုသည်မှာ မိဘများ(သို့) လူကြီးများက ကလေး တစ်ဦးကို တမင်သက်သက်(သို့) သိလျက်နှင့် ထိခိုက်ဒဏ်ရာရစေခြင်း (သို့) ကလေးသူငယ်များကို အကာအကွယ်မပေးခြင်းကို ဆိုလိုပါသည်။ ယင်းတို့တွင် ရိုက်ပုတ်ခြင်း၊ ကိုင်လှုပ်ခြင်း၊ အပူလောင် စေခြင်း(သို့) ကိုက်ဆွဲခြင်းတို့ပါဝင်ပါသည်။ ထို့ပြင် အစားအစာကျွေးစဉ်၊ အဝတ်လဲစဉ် (သို့) ကိုင်တွယ် စဉ်တို့တွင် အလွန်အမင်းအင်အားသုံးခြင်းတို့လည်းပါဝင်ပါသည်။ ကလေးသူငယ်တစ်ဦးအား အဆိပ် သင့်စေသော ပစ္စည်းတစ်ခုခုကိုပေးခြင်း၊ မသင့်လျော်သောမူးယစ်ဆေးဝါး(သို့) ရေနစ်ခြင်းတို့သည် လည်း ခန္ဓာပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်သည့် နမူနာများပင်ဖြစ်ပါသည်။ ရုပ်ခန္ဓာပိုင်း လွဲမှားစွာ ပြုကျင့်ခံရခြင်းကြောင့် အောက်ပါဆိုးကျိုးများဖြစ်ပွားနိုင်ပါသည်။

- အရိုးကျိုးခြင်း။
- အမာရွတ်/ ဒဏ်ရာဒဏ်ချက်များဖြစ်ခြင်း။
- ရုပ်ပျက်ဆင်းပျက်ဖြစ်ခြင်း။
- ပြင်းထန်သော အတွင်းဒဏ်ရာများဖြစ်ခြင်း။

စိတ်ပိုင်းဆိုင်ရာ အောက်ပါဆိုးကျိုးများ ဖြစ်ပွားနိုင်ပါသည်။
- ရှက်ရွံ့ခြင်း။
- ကြောက်ရွံ့ခြင်း။
- စိတ်ရှုပ်ထွေးခြင်း။
- အပြစ်ရှိ။ အပြစ်ကျူးလွန်မိသည်ဟု ခံစားရခြင်း။
- စိုးရိမ်ပူပန်ခြင်း။ ကြောက်ရွံ့ခြင်း
- ပစ်ပယ်သည်ဟု ခံစားရခြင်း။
- ငြင်းပယ်လိုစိတ်ရှိခြင်း။
- လူကြီးများနှင့် လူစိမ်းများကို မယုံကြည်ခြင်း။

လိင်မှုကိစ္စပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခံရသည့်ဖြစ်ရပ်များတွင် အောက်ပါဆိုးကျိုးများ ဖြစ်ပွားနိုင်ပါသည်။
- အပြုအမူဆိုင်ရာပြဿနာများ (ဒေးဒိုင်တွေဝေခြင်း၊ လူကြောက်ပြီး ရှောင်ဖယ်နေခြင်း)
- ကျောင်းတက်ရာတွင် (သို့) ကျောင်းသင်ခန်းစာများ သင်ယူရာတွင် အခက်အခဲရှိခြင်း။
- ရန်လိုသောအပြုအမူရှိခြင်းနှင့် အဝေးသို့ထွက်ပြေးလိုခြင်း၊ ထွင်ပြေးခြင်း။
- စိတ်ပိုင်းဆိုင်ရာအန္တရာယ်ရှိမှု (အိပ်မက်ဆိုးများမြင်မက်ခြင်း၊ အလွန်အမင်းစိတ်ဓာတ်ကျခြင်း (သို့) အလွန်အမင်းပူပင်သောကရောက်ခြင်း)
- ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ရှိမှု။ (ခုတ်ရာ၊ ထစ်ရာ၊ ရှရာများ၊ အတွင်းကြေဒဏ်ရာများ၊ ဖူးယောင်ဒဏ်ရာများရခြင်း။ ကာလသားရောဂါများဖြစ်ခြင်း၊ ကိုယ်ဝန်ရှိခြင်း။)

## (က) လျစ်လျူရှုခံရခြင်းဆိုသည်မှာ

ကလေးတစ်ဦး၏အခြေခံလိုအပ်များကို ပြုစုစောင့်ရှောက်သူ မိဘ(သို့) လူကြီးများကထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တာဝန်ပျက်ကွက်ခြင်းအားလုံးကို ဆိုလိုသည်။

အခြေခံလိုအပ်များမှာ ကျန်းမာရေး၊ ပညာရေး၊ စိတ်လှုပ်ရှားမှုပိုင်းဆိုင်ရာနှင့် ယုံကြည်သက်ဝင်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေး၊ လုံလောက်သော အစာအဟာရ၊ အဝတ်အထည်၊

ဆေးဝါးကုသမှုနှင့် သွားခံတွင်းကျန်းမာရေးစောင့်ရှောက်မှုပြခြင်း၊ သွန်သင်ဆုံးမခြင်း၊ လုံခြုံသောအိမ်နှင့် အန္တရာယ်ကင်းစွာ အသက်ရှင်နိုင်သည့် အခြေအနေအားလုံးတို့ဖြစ်သည်။

- ဦးနှောက်ပျက်ဆီးခြင်း။
- ကုမရသည့်အတွင်းကြေဒဏ်များဖြစ်ခြင်း။
- ဦးနှောက်ထိခိုက်ခြင်း။
- ဖူးရောင်ဒဏ်ရာရခြင်း။
- သေဆုံးခြင်း။
- ထိတ်လန့်သွေးပျက်ခြင်း။

## (ခ)။ စိတ်ခံစားမှုပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခံရခြင်း။

စိတ်ခံစားမှုပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခံရခြင်းဆိုသည်မှာ မိဘများကဒင်းတို့၏ကလေးသူငယ်အပေါ်တွင် မေတ္တာ၊ ချစ်ခင်ကြင်နာမှုကိုပေးရန်၊ ပြသရန်အဆက်ပြတ်ပျက်ကွက်ခြင်း (သို့) ကလေးသူငယ်ကိုကြိမ်းမောင်းခြင်း၊ ခြောက်လှန့်ခြင်း၊ ဒေါသထွက်ခြင်း(သို့) ကလေးသူငယ်များ မိမိကိုယ်ကို ယုံကြည်မှုနှင့် အထင်ကြီးမှုကို ပျက်ပြားစေလျှက် အများနှင့်ဆက်ဆံမှုမရှိပဲ ရှောင်ဖယ်နေလောက်အောင် ခြိမ်းခြောက်၊ နှောက်ပြောင်၊ အော်ဟစ်ငေါက်ငမ်းခြင်းတို့ဖြစ်ပါသည်။

စိတ်ခံစားမှုပိုင်းလွဲမှာစွာပြုကျင့်ခံရခြင်းကြောင့် အောက်ပါဆိုးကျိုးများဖြစ်ပွားနိုင်ပါသည်။

- စိတ်ဓာတ်ကျခြင်း။
- မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း။
- မိမိကိုယ်ကို အထင်ကြီးလေးစားမှုမရှိခြင်း (သို့) အလွန်နည်းပါးခြင်း။
- ရန်လိုခြင်း။
- ခံတွင်းပျက်ခြင်းနှင့် မစားနိုင်မသောက်နိုင်ဖြစ်ခြင်း။
- ပုံမှန်မဟုတ်ဘဲ မကြာခဏ ဆာလောင်ငတ်မွတ်ခြင်း။
- သူတစ်ပါးကို ထိခိုက်နစ်နာစေသည့် အပြုအမူပြုခြင်း
- လူမှုပေါင်းသင်းဆက်ဆံရေး၌ အံဝင်ခွင်မကျသည့်အမူအရာများဖြစ်ပေါ်ခြင်း။

## (၈)။ လိင်မှုကိစ္စပိုင်းဆိုင်ရာ လွဲမှားစွာပြုမူခံရခြင်း

လိင်မှုကိစ္စပိုင်းဆိုင်ရာလွဲမှားစွာ ပြုမူခံရခြင်းဆိုသည်မှာ အရွယ်ရောက်ပြီးသူတစ်ဦး၊ လူကြီးတစ်ဦးက ၎င်း၏ကာမဆန္ဒများ ပြေပျောက်စေရန်နှင့် ပြည့်ဝစေရန်အတွက် ကလေးသူငယ်ကို လိင်မှုကိစ္စများတွင် ပါဝင်စေရန်ခြိမ်းခြောက်၍ဖြစ်စေ၊ လှည့်ဖြား၍ဖြစ်စေ၊ အင်အားသုံး၍ဖြစ်စေ (အဓမ္မဖြစ်စေ) အသုံးပြုခြင်းပင်ဖြစ်သည်။

## လျစ်လျူရှုခံရခြင်းကြောင့်အောက်ပါဆိုးကျိုးများကိုဖြစ်ပွားစေနိုင်ပါသည်။

- ရုပ်ခန္ဓာပိုင်းဆိုင်ရာ အန္တရာယ်နှင့်ထိခိုက်မှုရှိခြင်း။
- ဖျားနာခြင်း၊ မကျန်းမာခြင်း။
- ငတ်မွတ်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း။
- ကိုယ်ကာယ၊ လူမှုရေး၊ စိတ်ခံစားမှုနှင့် ကိုယ်ကျင့်တရားဖွံ့ဖြိုးတိုးတက်မှု မမှန်ခြင်း။
- မိမိကိုယ်ကိုသေကြောင်းကြံစည်ခြင်း။
- စိတ်ဓာတ်ကျခြင်းတို့ဖြစ်ပွားနိုင်ပါသည်။

## ခေါင်းပုံဖြတ်ခံရခြင်းဆိုသည်မှာ

အရွယ်ရောက်ပြီးသူတစ်ဦး (သို့) အခြားပုဂ္ဂိုလ်တစ်ဦးက မိမိ၏အကျိုးအမြတ်အတွက် အသုံးချခံရခြင်းကိုဆိုလိုပါသည်။

## လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခံရမှုများ

လိင်ပိုင်ဆိုင်ရာခေါင်းပုံဖြတ်ခံရမှုများဆိုသည်မှာ ကလေးသူငယ်၏မိဘ၊ မိသားစုဝင်တစ်ဦးဦး၊ ပြည့်တန်ဆာရှာပေးသူနှင့် လိင်လိုက်စားသူ၊ ကြားပွဲစား၊ ကိုယ်စားလှယ်တစ်ဦးဦးတို့အကြား ငွေကြေး (သို့) မျက်နှာသာပေးမှု တစ်ခုခုအမြတ်ထုတ်ရယူရန် ရည်ရွယ်ချက်ဖြင့် ကလေးကို လိင်ကိစ္စအတွက် အသုံးချခြင်းကိုခေါ်ဆိုသည်။

ကလေးကိုပြည့်တန်ဆာလုပ်ခိုင်းခြင်း၊ ကလေးကိုကိုယ်ဟန်ပြခိုင်းခြင်း၊ လိင်စိတ်ကိုလှုံ့ဆော်မှုလုပ်ခိုင်းခြင်း၊ ကလေးကိုရုပ်သံရိုက်ကူးခြင်းနှင့် လိင်ကိစ္စအတွက် ရည်ရွယ်ချက်ဖြင့် ကလေးများကို လူကုန်ကူး ခြင်းတို့ဖြစ်ပါသည်။

## ကိုယ်ကျိုးစီးပွားအတွက် ခေါင်းပုံဖြတ်ခံရမှုများ (ကလေးသူငယ်၏ လုပ်အားခ အပေါ် ခေါင်းပုံဖြတ်ခြင်း)

လူ့အဖွဲ့အစည်းအများစုတွင် ကလေးသူငယ်တို့သည် စီးပွားရေးကုန်ထုတ်လုပ်မှုများ၌ တစ်နည်းမဟုတ် တစ်နည်းဖြင့် ပါဝင်နေကြပါသည်။ ကလေးသူငယ်များသည် ကျောင်းနေရမည့်အရွယ်တွင် ကျောင်းမနေရဘဲ အလုပ်များကို အချိန်ကာလ ရှည်လျားစွာ လူကြီးများနှင့် တန်းတူ တပင်တပမ်းလုပ်ကိုင်ကြရသော်လည်း လုပ်ခကြေးငွေများကို လူကြီးများထက် သိသိသာသာလျော့ပေးခြင်း ခံကြရသည်။ ကလေးသူငယ်အများစုမှာ အလုပ်လုပ်ကိုင်ကြရပါသည်။ ကျောင်းချိန်ပြီးဆုံးလျှင် အိမ်မှုကိစ္စများ ဝိုင်းလုပ်ခြင်း၊ ရေခပ်ခြင်း၊ လက်တိုလက်တောင်းခိုင်းသည်ကို လုပ်ပေးခြင်း ညီငယ်မောင်ငယ်နမငယ်များကို ထိန်းကျောင်းပေးခြင်းစသည်ဖြင့် ကလေးများက အကူအညီပေးနိုင်ကြပါသည်။ ဤနည်းဖြင့် ကလေးများသည် မိမိတို့မိသားစုဘဝတွင် ပါဝင်ဆင်နွှဲနိုင်ပြီး မိသားစုဝင်ငွေပိုမိုရရှိရန်လည်း အထောက်အကူပြုနိုင်ပါ သည်။

ဤအလုပ်များကို လုပ်ကိုင်ရင်း ကလေးသူငယ်များသည် အသုံးဝင်သော ကျွမ်းကျင်မှုများ တတ်မြောက်လာကြပြီး ရပ်ရွာအကြောင်းပိုမိုသိရှိနားလည်လာရုံမျှမက၊ အရွယ်ရောက်သည့်အခါ ထမ်းဆောင်ရမည့်တာဝန်များအတွက် ပါဝင်ပြင်ဆင်ပြီးဖြစ်ပါသည်။ ဤကဲ့သို့သော အလုပ်များကိုစေခိုင်းခြင်းခံရသောကလေးများကို ကလေးအလုပ်သမားဟု မခေါ်ဆိုနိုင်ပါ။

## ကလေးသူငယ်များလူကုန်ကူးခံရခြင်း

ကလေးသူငယ်များကို လူကုန်ကူးခြင်းဆိုသည်မှာ ခေါင်းပုံဖြတ်အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် အင်အားသုံးမည်ဟု ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း၊ အခြားနည်းဖြင့် မရမက အနိုင်အထက်ပြုမှုခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လိမ်ညာခြင်း၊ လှည့်ဖျားခြင်း၊ အာဏာကိုအလွဲသုံးခြင်း၊ အန္တရာယ်ကိုမကာကွယ်နိုင်သည့်အနေအထားကို အသုံးချခြင်း၊ ငွေကြေးနှင့် ခံစားခွင့်များဖြင့် အပေးအယူပြုလုပ်ခြင်းနည်းလမ်းများဖြင့် ပုဂ္ဂိုလ်တစ်ဦးအပေါ် ထိန်းချုပ်နိုင်သော အခြားသူတစ်ဦး၏ သဘော တူညီမှု ရရှိရန် လုပ်ဆောင်ကာ ကလေးသူငယ်များကို စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ လက်ခံခြင်း၊ လက်ခံယူ ခြင်းများ ပြုလုပ်ခြင်းကိုခေါ်သည်။

ခေါင်းပုံဖြတ်အမြတ်ထုတ်သည်ဆိုရာ၌ အနိမ့်ဆုံးအားဖြင့် အခြားသူတစ်ဦးတစ်ယောက်ကို ခေါင်းပုံဖြတ်ခြင်း၊ ပြည့်တန်ဆာလုပ်စေခြင်း၊ အခြားနည်းဖြင့် လိင်မှုကိစ္စအမြတ်ထုတ်ခြင်း၊ အတင်း

အကြုပ်အလုပ်ကြမ်းခိုင်းစေခြင်း၊ ချောဆွဲခြင်း၊ ကျွန်ပြုသကဲ့သို့ ဆင်တူသောလုပ်နည်းလုပ်ဟန်ဖြင့် စေခိုင်းခြင်း၊ အခိုင်းအစေလုပ်စေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများထုတ်ယူခြင်း စသည်တို့ပါဝင် ပါသည်။

## အကြမ်းဖက်ခြင်းဆိုသည်မှာ

ခြိမ်းခြောက်၍ဖြစ်စေ၊ အင်အားသုံး၍ဖြစ်စေ (အဓမ္မဖြစ်စေ) လုပ်ပိုင်ခွင့်အာဏာကို သုံး၍ဖြစ်စေ ကလေးသူငယ်ကိုထိခိုက်စေခြင်း အန္တရာယ်ဖြစ်စေခြင်းကိုဆိုလိုပါသည်။

လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့သည်လည်း အကြမ်းဖက်မှုပုံစံများ တွင်ပါဝင်သော်လည်း အကြမ်းဖက်ခြင်းကို သီးသန့်ခေါင်းစဉ်ဖြင့် ဖော်ပြရခြင်းသည် ကလေးသူငယ်များ ကို လိုအပ်သော ကာကွယ်စောင့်ရှောက်မှုပြုရာတွင် နောက်တိုးခြိမ်းခြောက်မှုပြုသည့် ကိစ္စရပ်တစ်ခု ဖြစ်နေသော ကြောင့်ဖြစ်သည်။ (ဂိုဏ်းဖွဲ့အကြမ်းဖက်မှုပြုခြင်း၊ အနိုင်ကျင့်မှုပြုခြင်း၊ စိတ်အနှောင့်ယှက် ပေးခြင်းနှင့် ကစားကွင်းများတွင် အကြမ်းဖက်မှုပြုခြင်းတို့လည်းပါဝင်ပါသည်။)

# WHAT TO DO IF A CHILD TELLS YOU ABOUT ABUSE

All suspicions or allegations of abuse are to be taken seriously. If a child says or indicates he/she is being abused or information is obtained that gives concern that a child is being abused, the information must be responded to immediately. If you are face to face with a child;

## A. Respond

1. Be calm so as not to frighten the child.
2. Listen to the child and take what he/she says seriously. Do not show disbelief.
3. Believe the child.
4. Reassure the child he/she is not to blame and was right to tell someone.
5. Do not interpret what the child says.
6. Do not assume that the experience was bad or painful - it may have been neutral.
7. Avoid projecting your own reacction onto the child.
8. Avoid asking Questions.
9. Do not introduce personal information from either your own experiences or those of other children.

## B. Avoid

1. Panicking.
2. Showing shock or distaste.
3. Probing for more information than is offered.
4. Speculation or making assumptions.

5. Making negative comments about the person against whom the allegation has been made.

6. Approaching the individual against whom the allegation has been made.

7. Making promises or agreeing to keep secrets and giving a guarantee of confidentialty.

**C. Record**

Make a written of the information as soon as possible using the Complaint form. The 21dministrat will help the professional Standards Office; Committee for Child Protection of the Catholic Church of Myanmar to decide the appropriate course of action.

**D. Sharing Concerns with Church Authorities/ Church Personnel**

Where there are concerns that the Church Authority/ Church personnel may be responsible for or have knowledge of abuse and as such sharing conerns whith them may place the child at further risk. In such cases, advice must first be sought from the professional Standards Office, The Catholic Church of Myanmar.

**Role of the Committee for Child Protection (CCP) in Handling complaints of Abuse**

1. Receive complaints of suspected child's injury or abuse.

2. Assist in reporting of suspected child's injury or abuse to the relevant authorilties where families/ witnesses want to report.

3. Encourage families/ witnesses who are reluctant to report, If families/ witnesses do not want to report, the CCP will report to the relevant authourity.

4. Work with Local pastoral care teams to provide pastoral support for alleged child victim,

allegd accused and their families throughout and after the investigation.

5. Coopeate with the relevant authorties in the investigation.

6. Make arrangements for the safety of the alleged child victim, accused and their families, in collaboration with relevant authorities.

7. Recommend 21diministrative arrangements to be taken by the Church Authorities concerning alleged accused pending outcome of the investigation.

8. Notify the Archbishop for further action if the accused is charged in court.

9. Review the circumstances that allow for the abuse or false allegation to happen, and recommend actions with the intention of preventing similar circumstances in the future.

## DECLARATION OF COMMITTMENT

**I ------------------------------------------------ have read and understood all the provisions and regulations in the child Protection Policy of the Catholic Church of Mandalay/Myanmar.**

**Name: ------------------------------------------------------------------------------------------**

**Signature: -------------------------------------------------------------------------------------**

**NRC No: -------------------------------------------------------------------------------------**

**Position: --------------------------------------------------------------------------------------**

**Address: --------------------------------------------------------------------------------------**

**: -------------------------------------------------------------------------------**

**: -------------------------------------------------------------------------------**

**Date: -------------------------------------------------------------------------------------------**

**Witnessed by;**

**Name: ------------------------------------------------------------------------------------------**

**Signature: -------------------------------------------------------------------------------------**

**Position: --------------------------------------------------------------------------------------**

**Date: -------------------------------------------------------------------------------------------**

## COMPLAINT FORM

**To: The Delegate**

**Professional Standards Office:**

**Committee for Child Protection**

**SECTION A - Particulars of the complainant**

1. **Full Name:** ..........................................................................................
2. **Relatinship to the child:** ..................................................................
3. **Parish:** ..........................................................................................
4. **Contact Details:** ............................................................................

   **Tel: Home:** ..........................................................................

   **Mobile:** ..........................................................................

   **Emial:** ..........................................................................

**SECTION B - Particulars of the Child**

1. **Full Name:** ..........................................................................
2. **Parish:** ..........................................................................
3. **Age:** ..........................................................................
4. **Race:** ..........................................................................
5. **Who is the Child living with currently:** ........................................
6. **Is the child safe?**

   **Yes/ No?** ..........................................................................

**SECTION C - PARTICULARS OF THE PERSON COMPLAINED**

1. **Full Name: ..........................................................................................**
2. **Parish: ..............................................................................................**
3. **Post/ Position:..............................................................................**
4. **Address: ..........................................................................................**

**..............................................................................................**

**SECTION D - Deatils of incident**

**State the nature of your complaint: ..........................................................**

**..............................................................................................................**

**..............................................................................................................**

**..............................................................................................................**

**..............................................................................................................**

**..............................................................................................................**

**..............................................................................................................**

**Date of Complaint: ..........................................................................................**

**Complainant's Signature: ...........................................................................**

**Name: ............................................................................**

**Please return this form ina sealed envelop to: -**

**Delegate**

**Professional Standards Office**

**Committee for child Protection**

---

* Archdiocese of Yangon, *Child's Protection Policy and Code of Conduct for the Church's Personnels* ကိုမှီငြမ်းပါသည်။